**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၃ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

**ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော သွင်းအားစုများအား စိုက်ပျိုးရာသီ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် "**ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ**" တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး<br>ဆေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၂) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

(ခ) ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ယူရီးယားမြေဩဇာအပါအဝင် သွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) တင်သွင်းမည့်သွင်းအားစုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၃) ပြည်ပမှ တင်သွင်းမည့် သွင်းအားစုများနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်များရရှိရေး၊ သွင်းကုန်လိုင်စင်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၄) သွင်းအားစု၏ အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၅) မြေဩဇာဥပဒေနှင့်အညီ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(၆) သွင်းအားစုများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များနှင့် ဆိပ်ကမ်းမှထုတ်ယူရာတွင် မြန်ဆန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ကြီးကြပ်ညှိနှိုင်းပေးခြင်း၊

(၇) ကုမ္ပဏီများအလိုက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များသို့ သွင်းအားစုများဖြန့်ဖြူးရောင်းချရာတွင် အဆင်ပြေချောမွေ့စေရန် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၈) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ပါဝင်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၉) သွင်းအားစုများ ရောင်းချရာတွင် ပြင်ပပေါက်ဈေးထက် သက်သာပြီး ထိုက်သင့်သည့် ဈေးနှုန်းဖြင့် တောင်သူများ ဝယ်ယူရရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ဈေးနှုန်းအတည်ပြုသတ်မှတ်ပေးခြင်းနှင့် ရည်ညွှန်းဈေးနှုန်းများထုတ်ပြန်ပေးခြင်း၊

(၁၀) လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးခြင်း။

(ဂ) နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာဝန်ကြီး<br>နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၆) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (၇) | နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (၈) | နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်<br>ဦးစီးမှူး<br>သမဝါယမဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(ဃ) နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ယူရီးယားမြေဩဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြို့နယ်များ၌ တောင်သူများထံ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြို့နယ်ဖြန့်ဖြူးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၂) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် သွင်းအားစုများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် အမှန်တကယ်အသုံးပြုမည့် တောင်သူလက်ဝယ်ရောက်ရှိရေးတို့ကို စိစစ်ကြီးကြပ်ပေးခြင်း၊

(၃) ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ တောင်သူများထံ ဖြန့်ဖြူးရောင်းချရာတွင် အလွဲသုံးစားမှု မရှိစေရေး စိစစ်ကြီးကြပ်ပေးခြင်း၊

(၄) သွင်းအားစုများအတွက် ပံ့ပိုးချေးငွေများ ရယူထားသော တောင်သူများထံမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့် ချေးငွေကျန်စာရင်းများကို စိစစ်ကြီးကြပ်ခြင်း၊

(၅) မြို့နယ်ဖြန့်ဖြူးရေးကော်မတီနှင့် တောင်သူအစုအဖွဲ့/ သမဝါယမအသင်းများအကြား ချေးငွေသဘောတူစာချုပ်များ ချုပ်ဆိုရာတွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၆) စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီမှ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း သွင်းအားစုများရောင်းချသည့် ဒေသအလိုက် လက်ကားဒိုင်များနှင့် အရောင်းဆိုင်များအား သက်ဆိုင်ရာဒေသအလိုက်သို့ သယ်ယူစရိတ်နှင့် အမြတ်ရာခိုင်နှုန်းကိုသာ ထည့်ပေါင်းပြီး ရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၇) သွင်းအားစုများအား သိုလှောင်ထားပြီး ဈေးမကစားနိုင်ရန်၊ ဈေးနှုန်းတင်ပိုမရောင်းချရန်နှင့် အရည်အသွေးမှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ခေါ်ယူဆွေးနွေးခြင်း၊ ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ပေးခြင်း၊

(၈) အခက်အခဲတစ်စုံတစ်ရာရှိပါက ပြည်ထောင်စုအဆင့်ထံ တင်ပြခြင်း၊

(၉) သက်ဆိုင်ရာလုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၇ - ၄ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ